# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

# ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

# ညွှန်ကြားချက်အမှတ် (၁/၂၀၁၉)

# နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ရက်

# သတင်းပို့ရန်တာဝန်ဆိုင်ရာလမ်းညွှန်ချက်

## နိဒါန်း

၁။ မြန်မာနိုင်ငံတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တို့ကို တိုက်ဖျက်ရန်အတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများကို ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။ ယင်းဥပဒေပါကိစ္စရပ်များကို အကောင်အထည် ဖော်ဆောင်ရွက်နိုင်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းဥပဒေအရ သတင်းပို့ရန်တာဝန်ရှိသူများ အနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတို့နှင့်ဆက်နွယ်သည့် ငွေကြေး/ပစ္စည်း လွှဲပြောင်းဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့ ထံသို့ သတင်းပို့စေခြင်း၊ ယင်းဥပဒေအရ သတင်းပို့ရန်တာဝန်ရှိသူများကို သက်ဆိုင်ရာ ကြီးကြပ်ရေးအာဏာပိုင်များက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ဆိုင်ရာကိစ္စရပ်များအပေါ်ကြီးကြပ်ခြင်း၊ ဖော်ထုတ်သိရှိရသည့် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများနှင့် ငွေကြေးခဝါချရန် သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့ရန်အားထုတ်မှုများကို သက်ဆိုင်ရာတရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများမှ တားဆီးနှိမ်နင်းခြင်း၊ ဖော်ထုတ်အရေးယူခြင်းများဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကိုငွေကြေး ထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေး ထောက်ပံ့မှုတို့နှင့် ဆက်နွယ်သည့် ငွေကြေး/ပစ္စည်းလွှဲပြောင်းမှုဆိုင်ရာ သတင်းအချက်အလက်များရရှိရေးမှာ အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ အဆိုပါသတင်းအချက် အလက်များကို သိရှိနိုင်သူများမှာ ငွေကြေး/ပစ္စည်း လွှဲပြောင်းမှုများကို ဝန်ဆောင်မှုပေးနေသည့် စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှု ဆိုင်ရာအသက်မွေးဝမ်းကျောင်းပုဂ္ဂိုလ်များ ပင်ဖြစ်ပါ

သည်။ သို့ဖြစ်ရာအဆိုပါ လုပ်ငန်းများနှင့် ပုဂ္ဂိုလ်များအား **ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (င၊ ဆ၊ ဗ)အရ သတင်းပို့အဖွဲ့အစည်း**အဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။ အဆိုပါသတင်းပို့အဖွဲ့အစည်းများသည် မိမိတို့ထမ်းဆောင်ရမည့် သတင်းပို့ရန်တာဝန်ကို ကောင်းစွာသိရှိနားလည်ရန်လိုအပ်ပါသည်။

## ရည်ရွယ်ချက်

၃။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစနစ် တစ်ရပ်လုံးအတွက် အခြေခံအကျဆုံးဖြစ်သည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သတင်းပို့ရန်တာဝန်အား ကောင်းစွာနားလည်သိရှိပြီး လက်တွေ့လိုက်နာကျင့်သုံးရာတွင် အထောက်အကူရရှိစေရန် ရည်ရွယ်ပါသည်။

## သတင်းပို့ရန်တာဝန်ရှိသူများ

၄။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ပေးပို့ရန်တာဝန်ရှိသူများကို သတင်းပို့အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားပြီး သတင်းပို့အဖွဲ့အစည်းတွင်ပါဝင်သည့် လုပ်ငန်း/လူပုဂ္ဂိုလ်အမျိုးအစားများကို ဥပဒေပုဒ်မ ၃ (င၊ ဗ၊ ဏ) တို့ဖြင့် အောက်ပါအတိုင်း သတ်မှတ်ဖော်ပြထားပါသည်-

(က) ပုဒ်မ ၃(င)တွင် **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေက သတင်းပို့ရန် သတ်မှတ်ထားသည့် ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဗဟိုအဖွဲ့က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတင်းပို့ရန် သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းများလည်းပါဝင်သည်ဟု ဖော်ပြထားပါသည်။

(ခ) ပုဒ်မ ၃(ဆ)တွင် **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သောဥပဒေများအရ တည်ထောင်ထားသော ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူတစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့်ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေး

အသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေး ကုမ္ပဏီ၊ နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစားငွေရေး ကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများလည်း ပါဝင်သည်ဟု ဖော်ပြထားပါသည်-

(၁) ပုဂ္ဂိုလ်တစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်းဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများလက်ခံခြင်း။

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေးဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူချေးငွေ၊ အပေါင်ဖြင့်ချေးငွေများအပါအဝင် ငွေထုတ်ချေးခြင်း။

(၃) စားသုံးသူဆိုင်ရာဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါး ငွေချေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ငွေရေးကြေးရေးဆိုင်ရာ အခွင့်အရေးကိုငှားရမ်းခြင်း။

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကိုလွှဲပြောင်းပေးခြင်း။

(၅) အကြွေးဝယ်ကဒ်နှင့်မြီစားကဒ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရောနစ်နည်းလမ်းများဖြင့် ငွေပေးချေခြင်း၊ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း။

(၆) ငွေရေးကြေးရေးဆိုင်ရာအာမခံနှင့် ကတိစာချုပ်များထုတ်ဝေခြင်း။

(၇) အောက်ပါငွေရေးကြေးရေးစာချုပ်စာတမ်းများရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ငွေပေးအမိန့်များ၊ အပ်ငွေလက်မှတ်များနှင့်ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့်ဈေးနှုန်းညွှန်ကိန်းစာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သောငွေချေးသက်သေခံလက်မှတ်များအပါအဝင် ငွေကြေးဈေးကွက်စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း။

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း။

(၈) ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေရာတွင်ပါဝင်ခြင်းနှင့် အဆိုပါကိစ္စရပ်များတွင် ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးပေးခြင်း။

(၉) ရင်းနှီးမြှုပ်နှံမှုတစ်ခုချင်းကိုဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုအားလုံးကိုဖြစ်စေ စီမံခန့်ခွဲခြင်း။

(၁၀) အာမခံသေတ္တာများ လက်ခံထိန်းသိမ်းခြင်းနှင့် အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေး သို့မဟုတ် ငွေဖြစ်လွယ်သောငွေချေးသက်သေခံလက်မှတ်များ စီမံခန့်ခွဲပေးခြင်း။

(၁၁) အခြားပုဂ္ဂိုလ်များကိုယ်စား ငွေကြေးသို့မဟုတ်ဘဏ္ဍာရန်ပုံငွေများ စီမံခန့်ခွဲခြင်း သို့မဟုတ် စီမံအုပ်ချုပ်ခြင်း၊ ရင်းနှီးမြှုပ်နှံခြင်း။

(၁၂) ကိုယ်စားလှယ်များနှင့် တစ်ဆင့်ကြားခံစီမံဆောင်ရွက်ပေးသူများက အာမခံလုပ်ငန်းကြားခံဝန်ဆောင်မှုပေးခြင်းအပါအဝင် အခြားရင်းနှီးမြှုပ်နှံမှုနှင့်ဆက်သွယ်နေသည့်အာမခံလုပ်ငန်း၊အသက်နှင့်အထွေထွေအာမခံလုပ်ငန်း ဆောင်ရွက်ပေးခြင်း။

(၁၃) ငွေကြေးနှင့် ငွေများလဲလှယ်ဆောင်ရွက်ခြင်း။

(ဂ) ပုဒ်မ ၃(ဇ)တွင် **ငွေရေးကြေးရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာအသက်မွေးဝမ်းကျောင်းလုပ်ငန်း** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်ဟု ဖော်ပြထားပါသည်-

(၁) ကာစီနိုများ။

(၂) အိမ်ခြံမြေအကျိုးဆောင်များ။

(၃) အဖိုးတန်သတ္တုနှင့် ကျောက်မျက်ရတနာရောင်းဝယ်သူများ။

(၄) မိမိအမှုသည်၏ပစ္စည်းသို့မဟုတ် ငွေကြေးလွှဲပြောင်းမှု၊ လက်ခံမှုနှင့်အပ်နှံမှုများနှင့်စပ်လျဉ်း၍ အောက်ပါလုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးသော ရှေ့နေ၊ နိုတာရီပဗ္ဗလစ်နှင့် စာရင်းကိုင်များ သို့မဟုတ် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ-

(ကက) မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း။

(ခခ) အမှုသည်၏ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့်ပစ္စည်းများအား စီမံခန့်ခွဲခြင်း။

(ဂဂ) ဘဏ်များ၊စုငွေများသို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ စာရင်းကို စီမံခန့်ခွဲခြင်း။

(ဃဃ) ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက် အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း။

(ငင) တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များ ထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်း။

(၅) အောက်ပါဝင်ဆောင်မှုလုပ်ငန်းများကို အခြားသူများအတွက် စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ပေးသည့်ကုမ္ပဏီများအုပ်ထိန်းမှုအဖွဲ့ နှင့် ကုမ္ပဏီဝန်ဆောင် မှုပေးသူများ-

(ကက) တရားဝင်အသင်းအဖွဲ့များ ဖွဲ့စည်းရေးဆိုင်ရာ ကိုယ်စားလှယ်အဖြစ်ဆောင်ရွက်ခြင်း။

(ခခ) ကုမ္ပဏီတစ်ခု၏ ဒါရိုက်တာသို့မဟုတ် အတွင်းရေးမှူးအဖြစ်သော်လည်းကောင်း၊ အစုစပ်လုပ်ကိုင်သူ သို့မဟုတ် အခြားတရားဝင်အသင်းအဖွဲ့တစ်ခု သို့မဟုတ် အစီအစဉ်တစ်ခုတွင် ယင်းအဆင့်နှင့်တူညီသောသူအဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း။

(ဂဂ) ကုမ္ပဏီတစ်ခု သို့မဟုတ် အစုစပ်လုပ်ငန်းတစ်ခု သို့မဟုတ် အခြားသော တရားဝင်အသင်းအဖွဲ့ သို့မဟုတ် အစီအစဉ်တစ်ခုအတွက် မှတ်ပုံတင်ရုံး သို့မဟုတ် နေရာထိုင်ခင်း သို့မဟုတ် လုပ်ငန်းလိပ်စာ သို့မဟုတ် စာပေးစာယူ သို့မဟုတ် အုပ်ချုပ်မှုလိပ်စာတို့ကို တာဝန်ယူပေးခြင်း။

(၆) ယုံကြည်အပ်နှံမှုလုပ်ငန်းတစ်ခုတွင် ယုံကြည်အပ်နှံခံရသူအဖြစ် ဆောင်ရွက်ခြင်း သို့မဟုတ် တရားဝင်အသင်းအဖွဲ့အစီအစဉ် တစ်မျိုးမျိုးတွင် ယင်းလုပ်ငန်းတာဝန်မျိုးနှင့် တူညီစွာဆောင်ရွက်ခြင်း။

(၇) သူတစ်ဦးအတွက် အမည်ခံအစုရှယ်ယာရှင်အဖြစ် အခြားသူတစ်ဦးဦးက ဆောင်ရွက်ပေးစေရန် စီစဉ်ခြင်း။

၅။ ထို့အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇၀ တွင် တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် (၆/၂၀၀၂) အရဖြစ်စေ၊ အခြားလုပ်ပိုင်ခွင့်တစ်ခုခုအရဖြစ်စေ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သ၍ ဆက်လက်ကျင့်သုံးနိုင်သည်ဟု ဖော်ပြထားပါသည်။ သို့ဖြစ်ရာ တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေး ဗဟိုအဖွဲ့က အမိန့်အမှတ်၊ ၁/၂၀၀၄၊ ၂/၂၀၀၄၊ ၄/၂၀၀၄၊ ၁/၂၀၀၅၊ ၂/၂၀၀၅၊ ၄/၂၀၀၅၊ ၅/၂၀၀၆၊ ၁/၂၀၀၇၊ ၂/၂၀၀၇၊ ၃/၂၀၀၇၊ ၄/၂၀၀၇၊ ၁/၂၀၀၈၊ ၂/၂၀၀၈ တို့ဖြင့် သတ်မှတ်ခဲ့သည့် အောက်ပါအဖွဲ့အစည်းများသည်လည်း သတင်းပို့အဖွဲ့အစည်းအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်-

(က) ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(ခ) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီဌာန (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန) (စာချုပ်စာတမ်းမှတ်ပုံတင်ရုံး)၊

(ဂ) အကောက်ခွန်ဦးစီးဌာန၊

(ဃ) မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးမှုဦးစီးဌာန (မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)၊

(င) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊

(စ) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊

(ဆ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊

(ဇ) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (စည်ပင်သာယာရေးဦးစီးဌာန)၊

(ဈ) ပြည်တွင်းအခွန်များဦးစီးဌာန၊

(ည) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

(ဋ) ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊

(ဌ) ကုန်သွယ်ရေးဦးစီးဌာန (ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)၊

(ဍ) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊

(ဎ) တရားလွှတ်တော်ရှေ့နေများကောင်စီ (တရားရုံးချုပ်ရှေ့နေများကောင်စီ)၊

(ဏ) မြန်မာနိုင်ငံစာရင်းအင်းကောင်စီ၊

(တ) နိုင်ထြီပဗ္ဗလစ်များ၊

(ထ) မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး (မြန်မာ့ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်

(ဒ) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊

(ဓ) ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (မြန်မာ့အသေးစားချေးငွေလုပ်ငန်း)၊

(န) မြန်မာ့အာမခံလုပ်ငန်း၊

(ပ) အမှတ်(၁)သတ္တုတွင်းလုပ်ငန်း (သတ္တုတွင်းဦးစီးဌာန)၊

(ဖ) မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊

(ဗ) အက်ဒမန်ကလပ်ဟိုတယ် (သူဌေးကျွန်း)၊

(ဘ) ရွှေငွေအပါအဝင်လက်ဝတ်ရတနာလက်လီလက္ကားအရောင်းဆိုင်များနှင့် ကုမ္ပဏီများ၊

(မ) လိုင်စင်ရငွေလွှဲလုပ်ငန်းများ၊

၆။ သို့ဖြစ်ရာ အထက်ဖော်ပြပါ အပိုဒ်(၄)နှင့်(၅)တွင်ပါဝင်သည့် ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သတင်းပို့ရန်တာဝန်ရှိသည့် သတင်းပို့အဖွဲ့အစည်းများဖြစ်ကြောင်း

သိရှိနိုင်မည်ဖြစ်ပြီး သတင်းပို့ရန်တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်တာဝန်ရှိမည် ဖြစ်ပါသည်။ သတင်းပို့အဖွဲ့အစည်းများနှင့် သတင်းပို့ရန်တာဝန်များကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ဝက်ဘ်ဆိုဒ်ဖြစ်သည့် https://www.mfiu.gov.mm တွင်လည်း ဖော်ပြထားပါသည်။

**သတင်းပို့ရမည့်အခြေအနေ**

၇။ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သတင်းပို့ရန်တာဝန်ရှိမှုအရ **သတင်းပေးပို့ရမည့် ငွေကြေး/ ပစ္စည်းလွှဲပြောင်းမှုဆိုင်ရာအခြေအနေများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၃၂၊ ၃၄ တို့တွင် လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများမှ နည်းဥပဒေ ၄၉၊ ၅၀၊ ၅၁၊ ၅၂ တို့တွင် လည်းကောင်း အောက်ပါအတိုင်း ပြဋ္ဌာန်း ဖော်ပြထား**ပါ သည်-

(က) ပုဒ်မ ၃၂ တွင် သတင်းပို့အဖွဲ့အစည်းများသည် သတင်းပို့ရန်သတ်မှတ်ထားသည့် ပမာဏသို့မဟုတ် ယင်းပမာဏထက်ကျော်လွန်သောငွေကြေးသို့မဟုတ် ပစ္စည်း တစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည်ဟုသော်လည်းကောင်း၊ ငွေကြေးခဝါချမှုသို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် ဆက်နွှယ် ပတ်သက်သည်ဟုသော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန်အားထုတ်သည်ဟုသော် လည်းကောင်း သံသယဖြစ်ဖွယ်အကြောင်းရှိလျှင် ပုဒ်မ ၁၀၊ပုဒ်မခွဲ(က) အရ သတ်မှတ်သည့်နည်းလမ်းများအတိုင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ ချက်ချင်းသတင်းပို့ရမည် ဟုဖော်ပြထားပါသည်။

(ခ) ပုဒ်မ ၃၄ တွင် ငွေရေးကြေးရေးအဖွဲ့အစည်းများသည် သတ်မှတ်ထားသော တန်ဖိုးပမာဏနှင့် ယင်းတန်ဖိုးပမာဏထက်ကျော်လွန်သည့် ငွေကြေးလွှဲပြောင်း ဆောင်ရွက်မှုကို တစ်ကြိမ်တည်းဆောင်ရွက်သည်ဖြစ်စေ၊ ဆက်နွှယ်မှုရှိသည်ဟု ယူဆရသည့် လွှဲပြောင်းမှုအမြောက်အများဖြင့် ဆောင်ရွက်သည်ဖြစ်စေ ငွေကြေး ဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်ဟု ဖော်ပြထားပါသည်။

(ဂ) နည်းဥပဒေ ၄၉ တွင် ကြေးနန်းသို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှုနှင့်ပတ်သက်၍ စတင်ငွေလွှဲပြောင်းသည့်ဘဏ်သို့မဟုတ် ငွေလွှဲလက်ခံသည့်ဘဏ်တို့သည် အောက်ဖော်ပြပါလွှဲပြောင်းဆောင်ရွက်မှုများကို ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရမည်-

(၁) သတ်မှတ်ပမာဏထက်ကျော်လွန်သည့် မည်သည့်နိုင်ငံခြားသုံးငွေကိုမဆို နိုင်ငံဖြတ်ကျော်ကြေးနန်းသို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲ ပြောင်းမှု၊

(၂) သတ်မှတ်ပမာဏထက်ကျော်လွန်သည့် ပြည်တွင်းကြေးနန်း သို့မဟုတ် အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေကြေးလွှဲပြောင်းမှု၊

(၃) ကနဦးစတင်လွှဲပြောင်းသူ၏ သတင်းအချက်အလက်များမပြည့်စုံသည့် သို့မဟုတ် မရရှိနိုင်သည့်လွှဲပြောင်းမှု၊

(ဃ) နည်းဥပဒေ ၅၀ တွင် သတင်းပို့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်ရန်အားထုတ်မှုသည် တရားမဝင်သော နည်းလမ်းဖြင့်ရရှိသည့် ငွေကြေးသို့မဟုတ်ပစ္စည်းများဖြစ်သည် သို့မဟုတ် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်နေသည်ဟုသံသယဖြစ်ရန်ခိုင်လုံသည့် အကြောင်းရှိသည့်အခါ မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေပုဒ်မ ၁၀၊ပုဒ်မခွဲ(က) အရ သတ်မှတ်ထားသည့် ပုံစံ(၆)ဖြင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ဆောလျင်စွာသတင်း ပို့ရမည်။

(င) နည်းဥပဒေ ၅၁ တွင် ဥပဒေပုဒ်မ ၃၂ နှင့်အညီ သတင်းပို့အဖွဲ့အစည်းများသည် ဗဟိုအဖွဲ့က သတင်းပို့ရန်သတ်မှတ်ထားသည့်ပမာဏထက်ကျော်လွန်သော လွှဲပြောင်းဆောင်ရွက်မှုများကို မိမိတို့၏သက်ဆိုင်ရာ ကဏ္ဍအလိုက် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က) အရ သတ်မှတ်ထားသည့်ပုံစံ(၇)ပါ သက်ဆိုင်ရာပုံစံဖြင့် ငွေကြေး ဆိုင်ရာစုံစမ်းထောက်လှမ်း ရေးအဖွဲ့သို့ ဆောလျင်စွာသတင်းပို့ရမည်။ အကယ်၍ သတင်းပို့အဖွဲ့အစည်းသည် မြို့ပေါ်ဒေသ တွင်ရှိပါက (၂၄)နာရီအတွင်း သို့မဟုတ် သတင်းပို့အဖွဲ့အစည်းသည် ဝေးလံသောအရပ်ဒေသတွင်ရှိပါက သုံးရက်အတွင်း သတင်းပို့ရမည် ဟုဖော်ပြထားပါသည်။

(စ) နည်းဥပဒေ ၅၂ တွင် သတင်းပို့အဖွဲ့အစည်းများသည် အမည်မဖော်လိုသောငွေစာရင်းများ သို့မဟုတ် နာမည် အစစ်အမှန်မဟုတ်ကြောင်းပေါ်လွင်သည့် ငွေစာရင်းများနှင့် စပ်လျဉ်း၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံ ဆောလျှင်စွာ သတင်းပို့ရမည်ဟု ဖော်ပြထားပါသည်။

၈။ **သတင်းပို့ရန်သတ်မှတ်တန်ဖိုးပမာဏ။** တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများဗဟိုထိန်းချုပ်ရေးအဖွဲ့၏ ၁၂-၁-၂၀၀၄ ရက်စွဲပါအမိန့်အမှတ်၊ ၁/၂၀၀၄ ဖြင့် **မြန်မာကျပ်ငွေလွှဲပြောင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ငွေကြေးတန်ဖိုး ကျပ်သန်းပေါင်းတစ်ရာနှင့်အထက်ရှိခြင်း၊** ငွေကြေးတန်ဖိုးကျပ်သန်းပေါင်း တစ်ရာနှင့်အထက်ကျော်လွန်ခြင်းမရှိသော်လည်း သာမန်ထက်ပိုမိုထူးခြားခြင်း သို့မဟုတ် သံသယဖြစ်ဖွယ်ရှိခြင်း ဟူ၍လည်းကောင်း၊ ၁၂-၁-၂၀ ရက်စွဲပါ အမိန့်အမှတ်၊ ၂/၂၀၀၄ ဖြင့် **ပစ္စည်းလွှဲပြောင်းမှုများနှင့်စပ်လျဉ်း၍ စာချုပ်စာတမ်းတွင်ဖော်ပြသောတန်ဖိုးမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းတန်ဖိုး ကျပ်သန်းပေါင်းတစ်ရာနှင့်အထက်ရှိခြင်း၊** စာချုပ်စာတမ်းတွင်ဖော်ပြထားသည့်တန်ဖိုးမှာ ကျပ်သန်းပေါင်းတစ်ရာနှင့်အထက်ကျော်လွန်ခြင်းမရှိသော်လည်း ကွင်းဆင်းစစ်ဆေးချက်အရ ပစ္စည်းတန်ဖိုးမှာ ကျပ်သန်းပေါင်းတစ်ရာနှင့်အထက်ရှိခြင်း၊ သာမန်ထက်ပိုမိုထူးခြားသော သို့မဟုတ် သံသယဖြစ်ဖွယ်ရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်း ဟူ၍လည်းကောင်း၊ ၁-၇-၂၀၀၄ ရက်စွဲပါ အမိန့်အမှတ်၊ ၄/၂၀၀၄ ဖြင့် **နိုင်ငံခြားသုံးငွေကြေးများနှင့်စပ်လျဉ်း၍ အမေရိကန်ဒေါ်လာ တစ်သောင်းနှင့်အထက်ရှိခြင်း၊ အမေရိကန်ဒေါ်လာတစ်သောင်းနှင့်အထက် ညီမျှသော အခြားနိုင်ငံခြားသုံးငွေရှိခြင်း** ဟူ၍လည်းကောင်း သတင်းပေးပို့ရမည့်တန်ဖိုးပမာဏကို အသီးသီးညွှန်ကြားသတ်မှတ်ထားပါသည်။

၉။ **တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးနှင့်ပစ္စည်း။** တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများဆိုသည်မှာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့်သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှဖြစ်စေ၊ ယင်းပြစ်မှုတစ်ရပ်ရပ်ကျူးလွန်ခြင်းနှင့် စပ်ဆိုင်သော ပြုလုပ်မှုသို့မဟုတ် ပျက်ကွက်မှုမှဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရရှိသော ငွေကြေးနှင့် ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ ငွေကြေးနှင့်ပစ္စည်းများကိုအခြေခံ၍ ဖြစ်ထွန်းလာသော ငွေကြေးသို့မဟုတ်ပစ္စည်းများနှင့် အကျိုးအမြတ်တို့သည်လည်းကောင်း၊ အခြားပစ္စည်းအဖြစ်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းအဖြစ်ဖြစ်စေ လွှဲပြောင်းခြင်းသို့မဟုတ် ပြောင်းလဲခြင်းပြုလုပ်ထားသည့် ငွေကြေးသို့မဟုတ် ပစ္စည်းများသည်လည်းကောင်းပါဝင်သည်ဟု ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃(ထ) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ထို့အပြင် ပုဒ်မ ၅ တွင် အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာမှ ရရှိသော ငွေကြေးနှင့်ပစ္စည်းများကို ငွေကြေးခဝါချမှုပြုလုပ်ခြင်းသည် ဤဥပဒေနှင့်သက်ဆိုင်စေရမည် ဟု ဖော်ပြထားပါသည်-

(က) ဂိုဏ်းဖွဲ့ကျူးလွန်သည့်ပြစ်မှုများ၊

(ခ) ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် သက်ဆိုင်သည့်ပြစ်မှုများ၊

(ဂ) ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်ထိပါးမှုနှင့် သက်ဆိုင်သည့်ပြစ်မှုများ(ဉာဏပစ္စည်းဆိုင်ရာ ပြစ်မှုများ၊

(ဃ) သဘာဝပတ်ဝန်းကျင်ဆိုင်ရာထိခိုက်နစ်နာသည့်ပြစ်မှုများ၊

(င) အခွန်တိမ်းရှောင်မှုနှင့်အခြားအခွန်ဆိုင်ရာမှုခင်းများနှင့် သက်ဆိုင်သည့်ပြစ်မှုများ၊

(စ) ပင်လယ်ဓားပြမှုနှင့်သက်ဆိုင်သည့်ပြစ်မှုများ၊

(ဆ) အကြမ်းဖက်မှုဆိုင်ရာမူလပြစ်မှုများ၊

(ဇ) သတင်းအချက်အလက်ကို ဦးစွာသိရှိနိုင်သူက မိမိသိရှိသည့်သတင်းအချက်အလက်ကို အသုံးပြု၍ မိမိကိုယ်တိုင်ဖြစ်စေ၊ ယင်းသတင်းအချက်အလက်ကို သူတစ်ပါးအား ပေးအပ်၍ဖြစ်စေ တရားမဝင်အကျိုးအမြတ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းနှင့် ဈေးကွက်ထိန်းချုပ်ရန် ပြုလုပ်ခြင်းဆိုင်ရာ ပြစ်မှုများ၊

(ဈ) နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အနည်းဆုံးထောင်ဒဏ် တစ်နှစ်နှင့်အထက် ပြစ်ဒဏ်ထိုက်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊

(ည) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည်ဟု ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ အခါအားလျော်စွာသတ်မှတ်သည့် ပြစ်မှုများ။ (၃၁-၃-၂၀၁၅ ရက်နေ့တွင် အောက်ပါပြစ်မှုများကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် သက်ဆိုင်သည့်ပြစ်မှုများအဖြစ် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ပါသည်-

(၁) အကြမ်းဖက်မှုအပေါ်ငွေကြေးထောက်ပံ့ခြင်းအပါအဝင် အကြမ်းဖက်မှုများ၊

(၂) လူကုန်ကူးမှုများနှင့် လူမှောင်ခိုမှုများ၊

(၃) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအား တရားမဝင်ကုန်ကူးမှုများ၊

(၄) လက်နက်များတရားမဝင်ကုန်ကူးမှုများ၊

(၅) ခိုးရာပါနှင့် အခြားပစ္စည်းများတရားမဝင်ကုန်ကူးမှုများ၊

(၆) အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများ၊

(၇) လိမ်လည်မှုများ၊

(၈) ငွေကြေးအတုပြုလုပ်မှုများ၊

(၉) လူသတ်မှုနှင့် လူကိုအပြင်းအထန်ထိခိုက်နာကျင်စေသော ပြစ်မှုများ၊

(၁၀) ပြန်ပေးဆွဲမှု၊ မတရားတားဆီးချုပ်နှောင်မှုနှင့် ဓားစားခံ ဖမ်းဆီးမှုများ၊

(၁၁) ဓားပြမှု သို့မဟုတ် ခိုးမှု၊

(၁၂) အကောက်ခွန်၊ ယစ်မျိုးနှင့် အခွန်များဆိုင်ရာအပါအဝင် မှောင်ခိုမှုများ၊

(၁၃) ခြောက်လှန့်တောင်းယူမှုများ၊)

(ဠ) အထက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် ကျူးလွန်ရန်အကြံဖြင့် စီစဉ်ဆောင်ရွက်ခြင်းကို ပြုလုပ်မှုဖြင့်သော်လည်းကောင်း၊ ပျက်ကွက်မှုဖြင့်သော်လည်းကောင်း၊ ပူးပေါင်းပါဝင်ခြင်း၊ အကူအညီပေးခြင်း၊ ပံ့ပိုးခြင်း၊ အထောက်အပံ့ပေးခြင်း၊ စီမံခန့်ခွဲခြင်း၊ အကြံဉာဏ်ပေးခြင်း၊ ဂိုဏ်းအဖွဲ့ဝင်ဖြစ်ခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် ဆက်စပ်ပတ်သက်သည့်ပြစ်မှု။

၁၀။ ယင်းပြဌာန်းချက်များအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ သတင်းပေးပို့ရမည့် သတ်မှတ်ချက်များမှာ တန်ဘိုးပမာဏအနေဖြင့် **မြန်မာကျပ်ငွေ သန်းတစ်ရာ သို့မဟုတ် အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် အထက်** ဖြစ်သော ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှု ဖြစ်လျှင်သတင်းပေးပို့ရမည်ဖြစ်ပါသည်။ ထိုလွှဲပြောင်းဆောင် ရွက်မှုသည် တစ်ကြိမ်တည်းဖြင့် သတ်မှတ်ပမာဏဖြစ်သည့် ကျပ်သန်းတစ်ရာ / ဒေါ်လာတစ်သောင်း မပြည့်သော်လည်း ဆက်နွယ်သည့်အကြိမ်များမှ လွှဲပြောင်းပမာဏများကို ထည့်သွင်းပါက သတ်မှတ်ပမာဏပြည့်မီ ကျော်လွန်သည့် လွှဲပြောင်းဆောင်ရွက်မှုများကိုလည်း သတင်းပေးပို့ရမည် ဖြစ်ပါသည်။ ထို့အပြင် ငွေကြေး သို့မဟုတ် ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှု တစ်ခုခုသည် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဆက်နွယ်ကြောင်း သံသယရှိလျှင် သတင်းပို့ရမည် ဖြစ်ပါသည်။ လွှဲပြောင်းဆောင်ရွက်မှုပြုလုပ်သည့် ငွေကြေး/

ပစ္စည်းသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိထားသည့် ငွေကြေး/ပစ္စည်းဖြစ်သည်ဟု သံသယဖြစ်ဖွယ်အကြောင်းရှိလျှင် သတင်းပေးပို့ရပါမည်။ ငွေကြေး/ ပစ္စည်းလွှဲပြောင်း ဆောင်ရွက်မှုဟုဆိုရာတွင် **ပြီးမြောက်သော လွှဲပြောင်းဆောင်ရွက်မှုကိုသာမက လွှဲပြောင်း ဆောင်ရွက်မှုမပြီးမြောက်သော်လည်း လွှဲပြောင်းဆောင်ရွက်ရန် အားထုတ်ခြင်းကိုပါ သတင်းပို့ ရမည်ဖြစ်ပါသည်။**

**သတင်းပို့ရမည့်ဌာန**

၁၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၂၊ ၃၄ နှင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများ နည်းဥပဒေ ၄၉၊ ၅၀၊ ၅၁၊ ၅၂ တို့တွင် သတင်းပေးပို့ရမည့်ဌာနနှင့်စပ်လျဉ်း၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ထံသို့ သတင်းပေးပို့ရမည်ဖြစ်ကြောင်း အတိအလင်း သတ်မှတ်ပြဌာန်းထားပြီးဖြစ်ပါသည်။

၁၂။ ထို့အပြင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၉ တွင် ဗဟိုအဖွဲ့သည် **သတင်းပို့ ချက်များကို** လည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများနှင့်ဆက်နွယ်သည့် အခြားသောသတင်းအချက်အလက်များကိုလည်းကောင်း လက်ခံ ခြင်း၊ တောင်းဆိုခြင်း၊ စိစစ်ခြင်းနှင့် ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် သော်လည်းကောင်း ဆက်နွယ်သည်ဟုသံသယရှိသည့်အခါ စိစစ်တွေ့ရှိချက်ရလဒ်နှင့် အခြားသက်ဆိုင်သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံသို့ ဆောလျင်စွာပေးအပ်ခြင်း၊ ပြည်တွင်းပြည်ပမိတ်ဖက်အဖွဲ့အစည်းများ၏ တောင်းဆိုချက်နှင့်အညီ ပေးအပ်ခြင်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သော ဗဟိုအဖွဲ့အစည်း တစ်ရပ်အဖြစ် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဟုပြဌာန်းထားရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့က ၁၆-၁-၂၀၁၆ ရက်နေ့တွင် အမိန့်အမှတ်၊ ၃/၂၀၁၆ ဖြင့် ငွေကြေးဆိုင်ရာမှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အား ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်း ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များထမ်းဆောင်ရန် သတ်မှတ်တာဝန်ပေးအပ်ခဲ့ပါသည်။

၁၃။ သို့ဖြစ်ရာ သတင်းပို့အဖွဲ့အစည်းများအနေဖြင့် သတင်းပို့ချက်များကို ပေးပို့ရမည့်ဌာနမှာ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ဖြစ်ပြီး **သတင်းပေးပို့ရမည့်လိပ်စာ**မှာ ငွေကြေး ဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဧကတစ်ထောင် (အင်ကြင်း ဈေးအနီး)၊ ခနသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ဖြစ်ပါသည်။ တယ်လီဖုန်းနံပါတ်မှာ ၀၆၇- ၃၄၂၁၇၆၁၊ ၀၆၇-၃၄၂၁၇၅၆ ဖြစ်ပြီး ဖက်စ်ဖုန်းနံပါတ်မှာ ၀၆၇-၃၄၂၁၇၆၁ ဖြစ်ပါသည်။ ဆက်သွယ်ရမည့် အီးမေးလ်လိပ်စာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) mfiu.str1@gmail.com

(ခ) str2.mfiu@gmail.com

(ဂ) mfiu.str3@gmail.com

(ဃ) mfiu.str4@gmail.com

**သတင်းပေးပို့ရမည့်နည်းလမ်း**

၁၄။ သတင်းပေးပို့ရမည့်နည်းလမ်းများနှင့်စပ်လျဉ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၀(က) တွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် သတင်းပို့အဖွဲ့အစည်းများ က လိုက်နာအသုံးပြုဆောင်ရွက်ရမည့် သတင်းပို့ချက်သတ်မှတ်ပုံစံများ၊ သတင်းပို့ချက်တွင် ပါဝင်ရမည့်အချက်များ၊ သတင်းပေးပို့ပြီးနောက်ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့် သတင်းပို့ခြင်းဆိုင်ရာ နည်းလမ်းများကို အခါအားလျော်စွာထုတ်ပြန်ရမည်ဟု ပြဋ္ဌာန်းထား ပါသည်။

၁၅။ နည်းဥပဒေ ၅၀ တွင် သတင်းပို့အဖွဲ့အစည်းတစ်ရပ်အနေဖြင့် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် လွှဲပြောင်းဆောင်ရွက်ရန်အားထုတ်မှုသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေး သို့မဟုတ် ပစ္စည်းများဖြစ်သည် သို့မဟုတ် ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်း ဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့်ဆက်နွယ်နေသည်ဟု သံသယဖြစ်ရန်ခိုင်လုံသည့်အကြောင်း ရှိသည့်အခါ ပေးပို့ရမည့် **သံသယဖြစ်ဖွယ်လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ပုံစံ** ကို ပုံစံ(၆)ဖြင့် သတ်မှတ်ထားပြီး နောက်ဆက်တွဲ(က)ဖြင့်ဖော်ပြထားပါသည်။

၁၆။ နည်းဥပဒေ ၅၁ တွင် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဗဟိုအဖွဲ့က သတင်းပို့ရန် သတ်မှတ်ထားသည့်ပမာဏထက်ကျော်လွန်သောလွှဲပြောင်းဆောင်ရွက်မှုများကို ပေးပို့ရမည့် **သတ်မှတ်ပမာဏထက်ကျော်လွန်သည့် လွှဲပြောင်းဆောင်ရွက်မှုသတင်းပို့ပုံစံ** ကို(ပုံစံ-၇) ဖြင့် သတ်မှတ်ထားပြီး နောက်ဆက်တွဲ(ခ)ဖြင့် ဖော်ပြထားပါသည်။

၁၇။ သတင်းပို့ရမည့်နည်းလမ်းများမှာ သတင်းပို့အဖွဲ့အစည်းသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနည်းဥပဒေများတွင် ထုတ်ပြန်ထားသော သက်ဆိုင်ရာသတင်းပို့ပုံစံကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှို့ဝှက်အဆင့် သတ်မှတ်ပြီး ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးသို့ ပေးပို့ရန်ဖြစ်ပါသည်။ သတင်းပေးပို့ရာတွင် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် စာတိုက်မှ ပေးပို့နိုင်သကဲ့သို့ အီလက်ထရောနစ်နည်းလမ်းဖြင့်လည်း MFIU Online Reporting System

ကိုအသုံးပြု၍ သတ်မှတ်ထားသည့် အီးမေးလ်လိပ်စာများမှတစ်ဆင့် ပေးပို့နိုင်ပါသည်။ စာတိုက်မှပေးပို့ပါက အထက်အပိုဒ် ၁၃ ပါလိပ်စာသို့ပေးပို့ရမည်ဖြစ်ပါသည်။ အီလက်ထရောနစ်နည်းလမ်းဖြင့် ပေးပို့လိုပါက ပထမဦးစွာ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံးထံမှ MFIU Online Reporting System ဆော့ဖ်ဝဲကို အခမဲ့လာရောက်ထုတ်ယူရန်လို အပ်ပါသည်။ ယင်းဆော့ဖ်ဝဲထုတ်ယူချိန်တွင် အသုံးပြုစနစ်ကိုတပါတည်း ရှင်းလင်းပြသပေးမည်ဖြစ်ပြီး MFIU Online Reporting System User Manual ကိုပါ တပါတည်းထုတ်ပေးမည်ဖြစ်ပါသည်။ အင်တာနက်အသုံးပြုရန်အခက်အခဲရှိသည့် သတင်းပို့အဖွဲ့ အစည်းများအနေဖြင့်လည်း ယင်းဆော့ဖ်ဝဲကို အသုံးပြု၍ သတင်းပို့ပုံစံကိုဖြည့်သွင်းပြီး စီဒီခွေ တွင်ထည့်သွင်း၍ လူကိုယ်တိုင်လာရောက်ပို့ဆောင်နိုင်ပါသည်။ သတင်းပို့ခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည်များအား အထက်အပိုဒ် ၁၃ ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သတင်းပေးပို့ခြင်းနှင့် သတင်းလုံခြုံမှု

၁၈။ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ထုတ်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန်မှာ သတင်းပို့အဖွဲ့အစည်းများ၏ တာဝန်ပင်ဖြစ်ပါသည်။ ထိုသို့သတင်းပို့တာဝန်ကို ထမ်းဆောင်ရာတွင် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်းကလိုက်နာရသည့် လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှုသတိပြုရေးဆိုင်ရာ စည်းမျဉ်း၊ပြဋ္ဌာန်းချက်များကို ချိုးဖောက်ခြင်းမဟုတ်ဘဲ လိုက်နာဆောင်ရွက်နိုင်စေရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် သတင်းအချက်အလက်များပေးပို့ခြင်းနှင့် သတင်းပေးပို့သူအား အကာအကွယ်ပေးရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်-

(က) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၉(က)တွင် ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ သဘောရိုးဖြင့် သတင်းပို့ချက်များ တင်ပြသည့် သို့မဟုတ် သတင်းအချက်အလက်များ ပေးအပ်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ဒါရိုက်တာများ၊ အရာရှိများသို့မဟုတ် ဝန်ထမ်းများအား ဘဏ်လုပ်ငန်းဆိုင်ရာပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ အသကပ်မွေးဝမ်းကျောင်းလုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များကိုဖြစ်စေ ချိုးဖောက်သည့်အကြောင်းကြောင့် ပြစ်မှုကြောင်းအရ လည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုခြင်း၊ အရေးယူခြင်း မပြုရ။

(ခ) ပုဒ်မ ၅၉(ခ)တွင် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းတို့၏ ဒါရိုက်တာများ၊ အရာရှိများ သို့မဟုတ် ဝန်ထမ်းများက လိုက်နာရမည့်ငွေရေးကြေးရေးနှင့် အသက်မွေး ဝမ်းကျောင်းကျွမ်းကျင်မှုဆိုင်ရာ လျှို့ဝှက်ချက်ထားရှိရေးနှင့် လုံခြုံမှု သတိပြုရေး ဆိုင်ရာပြဋ္ဌာန်းချက်များကို ဤ၍ပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များက လွှမ်းမိုးသည်။

၁၉။ ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းအချက်အလက်များကို သိရှိသူ၊ ရယူသုံးစွဲသူ အာဏာပိုင်များအနေဖြင့်လည်း သတင်းအချက်အလက်များ လုံခြုံမှုရှိစွာ ကိုင်တွယ်ထိန်းသိမ်းရန်တာဝန်ရှိပြီး သတင်းပေါက်ကြားမှုမရှိစေရန်အတွက် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်-

(က) ပုဒ်မ ၁၂(က) တွင် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သည် စုံစမ်းထောက်လှမ်းသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရှိရမည်။

(ခ) ပုဒ်မ ၃၃ တွင် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့အဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ပုဒ်မ ၃၂ အရ သတင်းပို့ချက် သို့မဟုတ် ဆက်နွယ်သည့်သတင်းအချက်အလက်နှင့် ဆောင်ရွက်ချက်တစ်စုံတစ်ရာကို မိမိတို့ ဝန်ထမ်းအချင်းချင်းနှင့် ဥပဒေအကျိုးဆောင်များအကြားမှတစ်ပါး အခြားမည်သူ့ကိုမျှထုတ်ဖော် ပြောကြားခြင်းမပြုရ။

(ဂ) ပုဒ်မ ၅၀ တွင် မည်သည့်သတင်းပို့အဖွဲ့အစည်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ယင်းတို့၏ဒါရိုက်တာ၊အရာရှိနှင့်ဝန်ထမ်းမဆို ပုဒ်မ ၃၃ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ဃ) ပုဒ်မ ၆၆ တွင် ဗဟိုအဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ကြီးကြပ်ရေးအာဏာပိုင်၊ သတင်းပို့အဖွဲ့အစည်းများ၊ ဤဥပဒေကို အကောင်အထည်ဖော်ဆောင်ရသည့်အခြားသောအစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ယင်းဌာနအဖွဲ့အစည်းများတွင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် သို့မဟုတ် ယခင်ကတာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးသည် မိမိတာဝန်ထမ်းဆောင်နေစဉ်အတွင်း လက်ခံရရှိ

သည့် မည်သည့်သတင်းအချက်အလက်ကိုမဆို တာဝန်ပြီးဆုံးသည့်တိုင်အောင် လျှို့ဝှက်ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး တာဝန်ရှိသူတိုင်းသည် ရရှိထားသော သတင်းအချက်အလက်များကို ဤဥပဒေပါပြဋ္ဌာန်းချက် သို့မဟုတ် တရားရုံး၏ အမိန့်အရသာ အသုံးပြုနိုင်သည်။ ဤပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်ဥပဒေအရ အရေးယူခြင်းခံရမည်။

**ပြစ်ဒဏ်သတ်မှတ်ချက်များ**

၂၀။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေတွင် ကြိုတင်ကာကွယ်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့်သတင်းပို့ရန်တာဝန်တို့ကို ဖောက်ဖျက်ကျူးလွန်ပါက အရေးယူဆောင်ရွက်သည့် ပြစ်ဒဏ်များကိုလည်း အောက်ပါအတိုင်း ထည့်သွင်းပြဋ္ဌာန်းထားပါသည်-

(က) ပုဒ်မ ၃၇ တွင် ကြီးကြပ်ရေးအာဏာပိုင်သည် အခန်း(၈)ပါတာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့် သတင်းပို့အဖွဲ့အစည်းများ သို့မဟုတ် ယင်းအဖွဲ့အစည်း များ၏ဒါရိုက်တာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ သို့မဟုတ် ကြီးကြပ်စီမံခန့်ခွဲသူများအား အောက်ပါကြီးကြပ်မှု သို့မဟုတ် အရေးယူဆောင်ရွက်မှုတစ်မျိုးမျိုးဖြစ်စေ၊ တစ်မျိုးထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) စာဖြင့်ရေးသားသတိပေးခြင်း၊

(၂) သီးခြားညွှန်ကြားချက်ဖြင့် ကန့်သတ်ခြင်း၊

(၃) ဖော်ထုတ်သိရှိသည့် ချိုးဖောက်မှုကို အရေးယူဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်နှင့်အညီ အစီရင်ခံစာများတင်ပြစေခြင်း၊

(ခ) ပုဒ်မ ၄၆ တွင် မည်သည့်သတင်းပို့အဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၂ အရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရာတွင် လိမ်လည်ဖော်ပြကြောင်း သို့မဟုတ် အချက်အလက်များဖုံးကွယ်ထားကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးခုနစ်နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းသုံးရာအထိငွေဒဏ်ချမှတ်ရမည်။

(ဂ) ပုဒ်မ ၄၉ တွင် မည်သည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းမှ တာဝန်ရှိသူမဆို ပုဒ်မ ၃၄ ပါပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ် လည်းချမှတ်နိုင်သည်။ ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်း ဖြစ်ပါက ယင်းကုမ္ပဏီသို့မဟုတ် အဖွဲ့အစည်းကို ကျပ်သန်းသုံးရာအထိ ငွေဒဏ် ချမှတ်ရမည်။

**အထွေထွေ**

၂၁။ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များ ကို အကောင်အထည်ဖော်ဆောင်ရန်အတွက် မိမိအဖွဲ့အစည်း/ရုံးဌာနဆိုင်ရာအတွင်း မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ကြီးကြပ်ထိန်းသိမ်းမှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရမည် ဖြစ်ပါ သည်။ ထို့အပြင် **အကြီးတန်းစီမံခန့်ခွဲမှုအဆင့်ရှိသော အကောင်အထည်ဖော်ဆောင်ရွက်ရေး အရာရှိတစ်ဦးအား ခန့်အပ်ထားရှိရပါမည်။**

၂၂။ သတင်းပို့အဖွဲ့အစည်းများသည် မိမိအဖွဲ့အစည်း/လုပ်ငန်း၏ ဝန်ဆောင်မှု/ ထုတ်လုပ်မှု/ အသုံးပြုသည့် နည်းပညာတို့နှင့် ဆက်နွယ်၍ ဖြစ်ပေါ်လာနိုင်သည့် ငွေကြေးခဝါချမှုများ၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုများကို သိရှိနားလည်ပြီး ယင်းတို့ကို လျော့ပါးသက်သာ စေမည့်နည်းလမ်းများချမှတ် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၂၃။ သတင်းပို့အဖွဲ့အစည်းများသည် စီးပွားဆက်ဆံဆောင်ရွက်မှု တစ်ခုချင်းအတွက် **ဆက်သွယ် ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း**ကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။ ယခင်သိရှိထားသည့် ဆက်သွယ် ဆောင်ရွက်သူဆိုင်ရာအချက်အလက်များ၊ စီးပွားရေးဆိုင်ရာ ဆောင်ရွက် ချက်များ၊ ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်ရှိနိုင်ခြေများနှင့် ယခု ပြုလုပ်သည့် ငွေကြေး/ပစ္စည်းလွှဲပြောင်း ဆောင်ရွက်မှု တစ်ခုချင်းစီကို ယှဉ်ထိုးသုံးသပ်စိစစ်ရမည်။ လိုအပ်ပါက ငွေကြေးဇာစ်မြစ်ကိုလည်း စိစစ်ရမည်။ အထက်အပိုဒ်(၇၊ ၈၊ ၉၊ ၁၀)ပါအချက်များ တွေ့ရှိပါက ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတ်မှတ်နည်းလမ်းအတိုင်း သတင်း ပေးပို့ရပါမည်။

၂၄။ သတင်းပို့အဖွဲ့အစည်းများသည် မိမိနှင့်စီးပွားဆက်သွယ်ဆက်ဆံမှုဆိုင်ရာ မှတ်တမ်း များ၊ ငွေကြေး/ပစ္စည်းလွှဲပြောင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းများ၊ ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်ရှိနိုင်ခြေအကဲဖြတ်ချက်များ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်း

ပေးပို့ခဲ့မှု **မှတ်တမ်းများကို အနည်းဆုံးငါးနှစ်ကြာသည်အထိ ထိန်းသိမ်းထားရှိရမည်။** ယင်းမှတ်တမ်းများသည် လွှဲပြောင်းဆောင်ရွက်မှုတစ်ခုစီကို ပြန်လည်ဆက်စပ်ဖော်ထုတ်နိုင် သည်အထိ ပြည့်စုံရမည်ဖြစ်ပါသည်။

၂၅။ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေး/ပစ္စည်းလွှဲပြောင်းမှုကို ဆောင်ရွက်ပေးရသည့် **ဝန်ထမ်းများအား** ချမှတ်ပေးထားသည့် ငွေကြေး ခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာမူဝါဒ၊ လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်မှုရှိ/မရှိကို စိစစ်ကြပ်မတ်ခြင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ **အသိပညာပေးခြင်းနှင့် သင်ကြားလေ့ကျင့်ပေးခြင်းများ** ဆောင်ရွက်ရမည်ဖြစ်ပါသည်။

**နိဂုံး**

၂၆။ အချုပ်အားဖြင့်ဆိုရလျှင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းပို့အဖွဲ့အစည်းများသည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများပါ ကြိုတင် ကာကွယ်ရေးနှင့် သတင်းပို့ရန်တာဝန်များကို လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့က ထုတ်ပြန်သည့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်း၊ စည်းကမ်းများကို လည်းကောင်း ကောင်းစွာသိရှိပြီး လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါသည်။

၂၇။ သို့ဖြစ်ရာ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးစနစ် တစ်ရပ်လုံးအတွက် အခြေခံအကျဆုံးဖြစ်သည့် သတင်းပို့အဖွဲ့အစည်းများအနေဖြင့် ဤလမ်းညွှန်စာစောင်ပါ သတင်းပို့ရန်တာဝန်ဆိုင်ရာလမ်းညွှန်ချက်များအား သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းတွင် အဓိကကျသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ရဲမှူးချုပ် ကျော်ဝင်းသိန်း

အဖွဲ့ခေါင်းဆောင်

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့

စာအမှတ်၊ ၄၂၃၆ (        ) / ၁၄-၀၁ / ဦး    ၄

ရက်    စွဲ၊ ၂၀၁၉ ခုနှစ်၊              လ      ရက်

**ဖြန့်ဝေခြင်း**

သတင်းပို့အဖွဲ့အစည်းများအားလုံး

ကြီးကြပ်ရေးအာဏာပိုင်များ